*Volume 4 / Issue 10 / October / 2011*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)



# ခရစ်တော်၏နောက်ဆုံးညစာစားပွဲ

အချိန်ရောက်မှ တမန်တော်တကျိပ်နှစ်ပါးတို့နှင့်အတူ စားပွဲ၌ လျောင်းတော်မူ၍၊
ငါသည် အသေမခံမီ ဤပသခါပွဲကိုသင်တို့နှင့်အတူစားခြင်းငှါ အလွန်အလိုရှိလေပြီ။
ငါဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်၌ ပသခါပွဲမပြည့်စုံမှီတိုင်အောင်
ယခုမှစ၍ ဤပွဲကိုတဖန် ငါမစားရဟု  မိန့်တော်မူလျက်၊
ခွက်ဖလားကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ၊ ဤခွက်ကိုယူ၍အချင်းချင်းဝေကြလော့။
ငါဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော် မတည်မှီတိုင်အောင်
ယခုမှစ၍ စပျစ်ရည်ကိုတဖန် ငါမသောက်ရဟု မိန့်တော်မူ၏။
ထိုအခါ မုန့်ကိုယူ၍ ကျေးဇူးတော် ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား သင်တို့အဘို့
အလို ငှါစွန့်သောငါ၏ ကိုယ်ဖြစ်၏။ ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟုမိန့်တော်မူ၏။
ထိုနည်းတူညစာစား ပြီးမှခွက်ကိုလည်းယူ၍၊
ဤခွက်ကားသင်တို့အဘို့အလိုငှါ သွန်းသောငါ၏အသွေး၌ တည်သောပဋိညာဉ် တရားသစ်ဖြစ်၏။

(လုကာ၊၂၂း၁၅–၂၀)

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# World Communion Sunday

## October, 02, 2011




World Communion Sunday (originally called World Wide Communion Sunday) celebrated the first Sunday in October – is one of the most venerable of “special Sundays.”

The day has taken on new relevancy and depth of meaning in a world where globalization often has undermined peace and justice – and in a time when fear divides the peoples of God’s earth.

On this day we celebrate our oneness in Christ, the Prince of Peace, in the midst of the world we are called to serve – a world ever more in need of peacemaking.

_______________________

# ပွဲတော်မင်္ဂလာ



## ပွဲတော်မင်္ဂလာ

ပွဲတော်မင်္ဂလာသည် ခရစ်ယာန်တို့၏ အသက်တာအတွက် အလွန်ပင် အရေးပါသည်။

ပွဲတော်မင်္ဂလာ၏ပုံသက်သေ(Symbolism)သည် သခင်ယေရှု(ခရစ်တော်)၏ အသေခံတော်မူခြင်းဖြင့် လောကသားအပေါင်းတို့၏အပြစ်များကို ပေးဆပ်သကဲ့သို့ ကျွန်ုပ်တို့သည်လည်းအပြစ်အတွက် သခင်ယေရှု(ခရစ်တော်)နှင့်အတူ အသေခံခြင်း၊ မြှုပ်နှံသင်္ဂြိုဟ်ခြင်းကို ဆောင်ပါသည်။

သခင်ယေရှု (ခရစ်တော်)သည် ခမည်းတော်၏ ဘုန်းတန်ခိုးတော်အားဖြင့် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသည်နည်းတူ၊ ကျွန်ုပ်တို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြ၏။ထို့ကြောင့် ကျွန်ုပ်တို့သည် အပြစ်တရားနှင့် ဆိုင်သောအရာ၌ကား၊ အသေဖြစ်သည်ဟူ၍၎င်း၊ ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား၊ သခင်ယေရှု (ခရစ်တော်) အားဖြင့် အသက်ရှင်သည်ဟူ၍၎င်း၊ အစဉ်သိမှတ်ရပေမည်။

သခင်ယေရှု (ခရစ်တော်) သည် လောကသားများအတွက် ထာဝရအသက်ပေးပိုင်သည့် တစ်ခုတည်းသောမျှော်လင့်ခြင်းအရှင်ဖြစ်ပြီး၊ ပွဲတော်မင်္ဂလာသည် ဤမျှော်လင့်ခြင်းကို ပြီးပြည့်စုံစေသည့်အပြင် ဂတိတော်မြတ်ကို တည်စေပါ၏။

## မုန့်နှင့်စပျစ်ရည်

ပွဲတော်မင်္ဂလာတွင် မုန့်နှင့်စပျစ်ရည်ကို ပုံသက်သေအဖြစ် အသုံးပြုကြပါသည်။

အကြောင်းမူကား၊ သခင်ယေရှု (ခရစ်တော်)သည် တပည့်တော်(၁၂)ပါးနှင့်အတူ ပသခါပွဲကို ပြင်ဆင်၍ စားလျက်နေစဉ်တွင်၊ သခင်ယေရှု (ခရစ်တော်)သည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား ငါ၏ကိုယ် ဖြစ်၏။ ယူ၍ စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှါ သွန်းသောငါ၏အသွေးဖြစ်၏။ သူတို့အားပေးတော်မူ၍၊ သောက်ကြ၏။

လူသည် အသက်ရှင်လှုပ်ရှားနိုင်ရန် အစားအစာနှင့်အသွေးလိုအပ်၏။ ပွဲတော်မင်္ဂလာ၏မုန့်နှင့် စပျစ်ရည်သည် အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။

သခင်ယေရှု (ခရစ်တော်) ကိုယ်တိုင်၊ "ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန် အဆာအမွတ်မခံရ" ။ တဖန် "ကောင်းကင်မှ ဆင်းသက်သော မုန့်ဖြစ်၏။ ဤမုန့်ကိုစားသောသူမည်သည်ကား၊ အစဉ်မပြတ် အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏ အသက်အဘို့အလိုငှါ စွန့်သော ငါ၏အသား ပေတည်း"ဟုမိန့်တော်မူ၏။

ပွဲတော်မင်္ဂလာတွင်...

မုန့်သည်သခင်ယေရှု (ခရစ်တော်)၏ ကိုယ်ခန္ဓာကို ပုံဆောင်ပြီး၊ မုန့်ကိုဖဲ့ ခြင်းသည် လောကသားများ လွန်ကျူးသောအပြစ်များကြောင့်၊ နာကျင်စွာထိုးနှက်ခြင်း၊ နှိပ်စက်ညှင်းဆဲခြင်း၊ ခံရသောသခင်ယေရှု (ခရစ်တော်) ဖြစ်၏။ လောကသားတို့ ကယ်တင်ခြင်းကျေးဇူး ရရှိရန်၊ ချိုးဖဲ့ခြွေမွခံ၍ ပေးဆပ်သွားခဲ့သည်ကို အောက်မေ့သတိရရန် ဖြစ်ပါသည်။

စပျစ်ရည်မူကား၊သခင်ယေရှု (ခရစ်တော်)၏အသွေးတော်မြတ်ကို ပုံသက်သေဆောင်၏။ သခင်ယေရှု (ခရစ်တော်)သည် ကရာနီကုန်းထက် လက်ဝါးကပ်တိုင်ပေါ်တွင် အသွေးတော်မြတ်သွန်းတော်မူခြင်းဖြင့် အပြစ်၏အဖိုးအခကို ပေးဆပ်ကာ၊ ရွေးနုတ်ကယ်တင်ခဲ့သည့်အတွက် ကဗ္ဗလာကဲ့သို့ နီမြန်းနေသောအပြစ်များကို မိုးပွင့်လို ဖြူစင်စေပါသည်။

သို့ဖြစ်၍၊ ပွဲတော်မင်္ဂလာတွင် မုန့်နှင့်စပျစ်ရည် အပြစ်သားများဖြစ်ကြသော လောကသားအပေါင်းတို့ ကယ်တင်ခြင်းရရန် ကောင်းမြတ်သော အဘဘုရားသခင်၏ မေတ္တာတော်နှင့် မွန်မြတ်သော သခင်ယေရှု (ခရစ်တော်)၏ ကျေးဇူးတော်ကို အစဉ်ဖေါ်ကျူးရန် ဖြစ်ပေသည်။

## အောက်မေ့သတိရခြင်း၊

ပွဲတော်မင်္ဂလာကို ခံယူသူတို့အဘို့ နက်နဲသောအရာမှာ သခင်ယေရှု (ခရစ်တော်)ကို အောက်မေ့သတိရခြင်း ဖြစ်ပါသည်။ ဤသို့အောက်မေ့သတိရခြင်းသည် သခင်ယေရှု (ခရစ်တော်)၏ အလိုတော်ကို ဝန်ခံလိုက်လျှောက်ခြင်း ဖြစ်၏။ ထို့အပြင် ကယ်တင်ခြင်းကျေးဇူးသည် သခင်ယေရှု (ခရစ်တော်)၏ ခန္ဓာကိုယ် ချိုးဖဲ့ခြင်းနှင့် အသွေးတော်မြတ်သွန်းခြင်းအပေါ်တို့တွင် တည်ကြောင်း သတိချပ်ရပါမည်။

ပွဲတော်မင်္ဂလာ၏နောက်ကွယ်တွင်၊ သခင်ယေရှု(ခရစ်တော်)၏ ဝေဒနာလမ်းနှင့်ကားတိုင်ပေါ်မှာ လောကသားတို့အတွက် အသက်တော်စွန့်၍၊ အပြစ်လွှတ်သည့် ကယ်တင်ခြင်းတစ်ခုတည်း သာမဟုတ်၊ သခင်ခရစ်တော်၏ လူ့ဇာတိခံကာ မွေးဖွားသည်မှစပြီး၊ ရှင်ပြန်ထမြောက်၍၊ ကောင်းကင်ဘုံနန်းတွင် စံမြန်းသည့် အမှုအရာအားလုံးကို အောက်မေ့သတိရဖို့ ဖြစ်ပါသည်။

## တလုံးတဝတည်း

ခမည်းတော် အဘဘုရားသခင်သည် သားတော်သခင်ယေရှု (ခရစ်တော်)နှင့် တလုံးတဝတည်းရှိတော်မူသကဲ့သို့ လောကသားအပေါင်းတို့သည်လည်း တလုံးတဝတည်းဖြစ်၍၊ တလုံးတဝတည်းအဖြစ် စုံလင်စေခြင်းငှါ သခင်ယေရှု (ခရစ်တော်)သည် အလိုတော်ရှိ၏။

တမန်တော်ကြီးရှင်ပေါလုသည် (၁ကော၊ ၁၀း ၁၆ )တွင် “ငါတို့သည် ကျေးဇူးတော်ချီးမွမ်းရာ မင်္ဂလာခွက်ဖလားမူကား၊ ခရစ်တော်၏ အသွေးကို ဆက်ဆံခြင်းဖြစ်သည် မဟုတ်လော။ ငါတို့ဖဲ့သောမုန့် မူကား၊ ခရစ်တော်၏ကိုယ်ကို ဆက်ဆံခြင်းဖြစ်သည် မဟုတ်လော။ မုန့်တစ်လုံးတည်း ရှိသည်ဖြစ်၍၊ ငါတို့ ရှိသမျှသည် တစ်လုံးတည်းဖြစ်သော ထိုမုန့်ကို ဆက်ဆံလျက် ခံယူကြသောကြောင့်၊ အများဖြစ်သော ငါတို့သည် တစ်လုံးတစ်ကိုယ်တည်း ဖြစ်ကြ၏”ဟုသွန်သင်ထားပါသည်။

## <u>ပွဲတော်မင်္ဂလာခံယူခြင်း၊</u>

အသင်းတော်များတွင်၊ ပွဲတော်မင်္ဂလာကို မခြားမလတ် မိဿဟာယဖွဲ့လျက် ပြုလုပ် ကြသော မုန့်နှင့်စပျစ်ရည် ဝေ၍၊ အတူတကွစားသောက်ခြင်း၊ တရားဒေသနာကြားနာခြင်း၊ ဆုတောင်း ပဌါနာ ပြုခြင်း၊ ဓမ္မသီချင်းကျူးခြေင်း၊ အလှူတော်ငွေထဲ့ဝင်ခြင်း ... စသည်တို့သည် သခင်ယေရှု(ခရစ်တော်)၏ အလိုတော်အတိုင်း နာခံလိုက်လျှောက်ပါမည်ဟူ၍ သခင်ဘုရား၌ တိုးဝင်ချဉ်းကပ် ပြန်လည်ဆက်ကပ်ခြင်း ဖြစ်သည်။

ထို့ကြောင့် သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက်မတန်ဘဲ စားသောက်သောသူ မည်သည်ကား၊ သခင်ဘုရား၏ကိုယ်တော်နှင့် အသွေးတော်ကို ပြစ်မှားရာရောက်၏။ သို့ဖြစ်၍ လူတိုင်း ကိုယ်ကိုကိုယ် စစ်ကြောပြီးမှ မုန့်ကိုစားစေ။ ထိုနည်းတူ ခွက်ကိုလည်းသောက်စေ။ အကြောင်း မူကား၊ မထိုက်မတန်ဘဲ စားသောက်သောသူသည် သခင်ဘုရား၏ ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့်၊ မိမိအပေါ်သို့ အပြစ်ရောက်စေခြင်းငှါ စားသောက်သောသူ ဖြစ်၏။

ယုံကြည်ခြင်းမရှိ၊ တွေးတောဆင်ခြင်ခြင်းမရှိ၊ အမှုမဲ့၊ အမှတ်မဲ့၊ ခံယူသောသူများအတွက်အကျိုးမရှိဘဲ၊ အပြစ်ပြုရာရောက်သဖြင့် ပွဲတော်မင်္ဂလာ အစည်းအဝေးသို့ မဝင်မီ မိမိကိုယ်ကို စစ်ကြောလျှက် သန့်ရှင်းစင်ကြယ်စေပါ။

ပွဲတော်မင်္ဂလာကို ယုံကြည်ခြင်းအားဖြင့် သခင်ယေရှု (ခရစ်တော်)နှင့် မိဿဟာယဖွဲ့ပြီးမှ ဝင်၍ စားသောက်ရသောအခွင့်သည် ဘုရားသခင်၌ ဝါကြွားဝမ်းမြောက်ခြင်း ရှိပါ၏။ အာမင်။ ။

အမှုတော်မြတ်၌။–<br>ရီရီအေး






**Holy One, you are the Bread of Life,**
**you are the Cup of Healing for all the nations.**

**You delight our senses with smell and touch,**
**with sight and sound,**
**with taste and pleasure.**

**As we have gathered, like wheat from the hills**
**to become your Body,**
**fill us with your Holy Spirit,**
**and make us drunk with your presence.**

**Bring us to your banquet table,**
**that we may feed the world**
**in praise and prayer.**

**Amen.**